# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၂၉ ရက်မြောက်နေ့ အစီအစဉ်

# [ ၃ - ၁၀ - ၂၀၁၁ ]

# ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၉ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **လွန်ခဲ့သော ကာလများအတွင်း သိမ်းဆည်းထားသော ဆေးကုသခွင့်လိုင်စင်နှင့် ရွှေ့နေလိုင်စင်များကို စိစစ်ပြီး ပြန်လည်ထုတ်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် မြေယာသိမ်းယူထားသည့်ကိစ္စ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ချင်းပြည်နယ်ကို ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အထူးဇုန်အဖြစ် သတ်မှတ်ပေးနိုင်ရေး**နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **မြန်မာ့လေကြောင်း (Myanmar Airways)ကို နိုင်ငံ့ဂုဏ်ဆောင်လေကြောင်းလိုင်း (National Flag Carrier) အဖြစ် ကမ္ဘာ့လေကြောင်း ပို့ဆောင်ရေးကဏ္ဍတွင် နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့လေကြောင်းဆိုင်ရာ ဥပဒေတစ်ရပ် ထုတ်ပြန်ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

( ခ ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

( ဂ ) ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

(ဃ) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း။

၁၀။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၁။ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် ကျင်းပခဲ့သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် AIPA တင်းပြည့်အဖွဲ့ဝင် နိုင်ငံဖြစ်ခြင်း အခမ်းအနားနှင့် (၃၂)ကြိမ်မြောက် AIPA အထွေထွေညီလာခံသို့ မြန်မာလွှတ်တော် ကိုယ်စားလှယ် အဖွဲ့ တက်ရောက်ခဲ့ခြင်းကို မှတ်တမ်းတင်ခြင်း။

၁၂။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့ခဲ့သော သဝဏ်လွှာများကို အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ခြင်း။

၁၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကမ္ဘောဒီးယားနိုင်ငံတွင် လက်ရှိရေကြီးနစ်မြုပ်မှုများကြောင့် သေဆုံးမှုများ၊ စည်းစိမ်ဥစ္စာပျက်စီးမှုများအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ရန် အမျိုးသားလွှတ်တော်၏ သဘောထားရယူခြင်းနှင့် ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့မည်ဖြစ်ကြောင်း ကြေညာခြင်း။

၁၄။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၉ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၃၀ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။